မွန်လူ့အခွင့်အရေး
The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ(၉) ၊ အမှတ်(၁၁) ၊ နိုဝင်ဘာလ ၃၀ ၊ ၂၀၂၄

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# ပေါင်မြို့နယ်တွင် လူငယ် (၂၀) ဦးကို စစ်မှုထမ်းရန်အတွက် အတင်းအဓမ္မဖမ်းဆီး




စာမျက်နှာ (၄) သို့

## ထားဝယ်တွင် လက်နက်ကြီးကြောင့် အမျိုးသမီးငယ် (၁) ဦး သေဆုံး၊ (၄) ဦး ဒဏ်ရာရ



နိုဝင်ဘာ ၂၀၊ ၂၀၂၄

၂၀၂၄ နိုဝင်ဘာလ (၁၅) ရက်နေ့တွင် ကော်သူးလေတပ်မတော်(KTLA)တပ်ဖွဲ့ဝင်များသည် တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ရောင်းမော်နှင့် ရှင်မုတ္ထီးကျေးရွာများသို့ ဝင်ရောက်လာခဲ့ရာ နိုဝင်ဘာလ (၁၆) ရက်နေ့ ည (၈) နာရီအချိန်တွင် ထားဝယ်-မြိတ်ကားလမ်းပေါ်ရှိ ရွှေဂူတံတားတွင် တပ်စွဲထား သည့်စစ်ကောင်စီတပ်က အဆိုပါကျေးရွာများကို လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည်။

စာမျက်နှာ (၅) သို့

INSIDE

ရေဖြူတွင် စစ်ကြောင်းထိုးနေသည့်အတွက် ဒေသခံပြည်သူ (၁,၀၀၀) ကျော် ထွက်ပြေးနေရ — စာမျက်နှာ (၆) သို့

ထိန်တွင်းရွာတွင် စစ်ကြောင်းဝင်ရောက်ပြီး အရပ်သားများကို ဖမ်းဆီးရိုက်နှက်ကာ အဖိုးတန်ပစ္စည်းများကို လုယက် — စာမျက်နှာ (၉) သို့

၂၀၂၄ ဇန်နဝါရီလ မှ နိုဝင်ဘာလအတွင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှုနှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း — စာမျက်နှာ (၁၈) သို့

၂၀၂၄ နိုဝင်ဘာလ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း — စာမျက်နှာ (၂၃) သို့

ရေဖြူတွင် အမျိုးသမီးတစ်ဦး မြေမြှုပ်မိုင်းနင်းမိ — စာမျက်နှာ (၂၄) သို့

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

# လူငယ်များကို ပစ်မှတ်ထားနေသည့် စစ်ကောင်စီ

## (၂၀၂၄ နိုဝင်ဘာလအတွက် အယ်ဒီတာ့အာဘော်)

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၉) အမှတ် (၁၁) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်နှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထုကို ပုံမှန် တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေလျက် ရှိသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၄ နိုဝင်ဘာလတွင် မြို့နယ် (၁၈) မြို့နယ်မှ လူ့အခွင့်အရေးချိုးဖောက်မှုသတင်း အပုဒ် (၅၀) ကျော်ကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။

လူ့အခွင့်အရေးချိုးဖောက်မှုများသည် ယခင်လကထက် ပိုမိုများပြားလာပြီး ယခုလတွင် စစ်ကောင်စီက လူငယ်များကို ပစ်မှတ်ထား ဖမ်းဆီးလာသည်။ စစ်ဆေးရေးဂိတ်များတွင် ရပ်တန့်ဖမ်းဆီးခြင်းများအပြင် ကျေးရွာများကို ဝင်ရောက်စီးနင်းပြီး ဖမ်းဆီးခြင်းများ ပြုလုပ် လာသည်။

၂၀၂၄ နိုဝင်ဘာလ (၂၅) ရက်နေ့ ညနေ (၄) နာရီအချိန်တွင် မွန်ပြည်နယ် ရေးမြို့နယ် အစင်ကျေးရွာအဝင်ဝတွင် တပ်စွဲထားသည့် ပြည်သူ့စစ်လုံခြုံရေးဂိတ်က ဆိုင်ကယ် (၂) စီး စီးနင်းလာသည့် လူငယ် (၄) ဦးကို ရပ်တန့်ခိုင်းရာ ၎င်းတို့က ရပ်တန့်ပေးခြင်းမရှိသဖြင့် ပြည်သူ့စစ်အဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးခဲ့သည်။

၎င်းပြင် လုပ်ငန်းခွင်များအထိ လာရောက်ကာ စစ်မှုထမ်းအသက်အရွယ်နှင့် အကျုံးဝင်သူ လူငယ်များကို အကြောင်းပြချက်မရှိ အဓမ္မဖမ်းဆီးလျက်ရှိသည်။

၂၀၂၄ နိုဝင်ဘာလ (၁၉) ရက်နေ့ ည (၁၀) နာရီအချိန်တွင် စစ်ကောင်စီပူးပေါင်းတပ်ဖွဲ့က မွန်ပြည်နယ် ပေါင်မြို့နယ် ဆင်ရွာကျေးရွာရှိ လမ်းခင်းကျောက်ထုတ်လုပ်ရေးကုမ္ပဏီ (၃) ခု မှ လူငယ်အယောက် (၂၀) ကို စစ်မှုထမ်းရန်အတွက်ဟု ဆိုကာ အတင်းအဓမ္မဖမ်းဆီးခေါ် ဆောင်သွားကြောင်း သိရသည်။

**“ညက တစ်ညတည်းမှာ ကျောက်လုပ်ငန်းက အလုပ်သမားအယောက် (၂၀) အဖမ်းခံရ တယ်။ လူငယ်တွေချည်းပဲ။ စစ်မှုထမ်းအတွက်အကြုံးဝင်တယ်ဆိုပြီး ဆွဲစိတ်တဲ့သဘောပေါ့”** ဟု စစ်ကောင်စီနှင့်နီးစပ်သူ အမည်မဖော်လိုသူတစ်ဦးက ပြောသည်။

ဖမ်းဆီးသွားသူများကို မုတ္တမနယ်မြေရဲစခန်းတွင် ထိန်းသိမ်းထားပြီး လာမည့်ရက်ပိုင်းအတွင်း စစ်မှုထမ်းသင်တန်းသို့ ပို့ဆောင်မည်ဟု သိရသည်။

၂၀၂၄ နိုဝင်ဘာလ (၈) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် အသက်မပြည့်သေးသည့် လူငယ် (၂) ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များဟုဆိုကာ စစ်ကောင်စီက ဖမ်းဆီးအမှုဖွင့်ခဲ့သည်။

ဖမ်းဆီးခံရသူ လူငယ် (၂) ဦးကို ကျိုက်ထိုမြို့မရဲစခန်းတွင် (၂) ရက်ကြာ စစ်ဆေးမေးမြန်းခဲ့ပြီး ပြန်လည်လွှတ်ပေးစေလိုပါက ငွေကျပ်သိန်း (၅၀) ပေးရမည်ဖြစ်ကြောင်း မိသားစုဝင်များကို ပြောသည်။ မိသားစုဝင်များက တောင်းဆိုသည့်ငွေကြေးပမာဏကို မပေးနိုင်သဖြင့် လူငယ် (၂) ဦးကို PDF ဟု စွပ်စွဲကာ ဖမ်းဆီးအမှုဖွင့်ခဲ့သည့်အပြင် ၎င်းတို့၏ဆိုင်ကယ်ကိုလည်း သိမ်းယူခဲ့သည်။

အလားတူ ပြီးခဲ့သည့်နိုဝင်ဘာလ (၅) ရက်နေ့တွင်လည်း အသက် (၂၇) နှစ်အရွယ် ရွှေတွင်းလုပ်သား မောင်ကံကောင်းကို PDF ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးထားသူလူငယ်များကို အကြမ်းဖက်အဖွဲ့နှင့်ပတ်သက်သည်ဟု မတရားစွပ်စွဲပြီး ငွေညှစ်ခြင်း၊ ထောင်ချခြင်း၊ ပိုင်ဆိုင်မှုများ သိမ်းယူခြင်းနှင့် စစ်သားအဖြစ် အဓမ္မစုဆောင်းခြင်းများကို ပေါ်ပေါ်ထင်ထင်ကျူးလွန်နေသည်။ ၎င်းပြင် ဆိုင်ကယ်တစ်စီးကို (၂) ယောက် စီးနင်းသည့်လူငယ်များကို ချက်ချင်းဖမ်းဆီးပြီး စစ်သင်တန်းသို့ ချက်ချင်း ပို့ဆောင်ရန်လည်း အမိန့်ထုတ်ပြန်ထားသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်း မှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့် အလေ့အထကို ချိုးဖျက်ရပ်တန့်ရန် လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ် ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၄ နိုဝင်ဘာလ



# ပေါင်မြို့နယ်တွင် လူငယ် (၂၀) ဦးကို စစ်မှုထမ်းရန်အတွက် အတင်းအဓမ္မဖမ်းဆီး




**နိုဝင်ဘာ ၂၁၊ ၂၀၂၄**

၂၀၂၄ နိုဝင်ဘာလ (၁၉) ရက်နေ့ ည (၁၀) နာရီအချိန်တွင် စစ်ကောင်စီပူးပေါင်းတပ်ဖွဲ့က မွန်ပြည်နယ် ပေါင်မြို့နယ် ဆင်ရွာကျေးရွာရှိ လမ်းခင်းကျောက်ထုတ်လုပ်ရေးကုမ္ပဏီ (၃) ခုမှ လူငယ်အယောက် (၂၀) ကို စစ်မှုထမ်းရန်အတွက်ဟု ဆိုကာ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

**"ညက တစ်ညတည်းမှာ ကျောက်လုပ်ငန်းက အလုပ်သမားအယောက် (၂၀) အဖမ်းခံရတယ်။ လူငယ်တွေချည်းပဲ။ စစ်မှုထမ်းအတွက်အကြုံးဝင်တယ်ဆိုပြီး ဆွဲစိတဲ့သဘောပေါ့"** ဟု စစ်ကောင်စီနှင့်နီးစပ်သူ အမည်မဖော်လိုသူတစ်ဦးက ပြောသည်။

ဖမ်းဆီးသွားသူများကို မုတ္တမနယ်မြေရဲစခန်းတွင် ထိန်းသိမ်းထားပြီး လာမည့်ရက်ပိုင်းအတွင်း စစ်မှုထမ်းသင်တန်းသို့ ပို့ဆောင်မည်ဟု သိရသည်။

အဆိုပါဖမ်းဆီးမှုကြောင့် ပေါင်မြို့နယ်တွင် ကြောက်ရွံ့စိုးရိမ်မှုများ ပျံ့နှံ့နေပြီး လူငယ်အများစုမှာ ထွက်ပြေးရှောင်တိမ်းရန် ပြင်ဆင်နေကြောင်း သိရသည်။

**"ပေါင်မှာ အခုလိုဖမ်းဆီးတာ တစ်ခါမှ မရှိဘူး။ ပြေးတဲ့လူငယ်တွေလည်း ပြေးနေကြပြီ။ တစ်ခါမှမကြုံဘူးတော့ ပိုဆိုးတာပေါ့"** ဟု ပေါင်မြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်ရက်ပိုင်းကလည်း ပေါင်မြို့နယ် မုတ္တမကျွဲခြံကျေးရွာမှ လူငယ် (၂) ဦးကို စစ်မှုထမ်းခြင်းမှ ထွက်ပြေးတိမ်းရှောင်သည်ဟု ဆိုကာ မုတ္တမနယ်မြေရဲစခန်းတွင် အမှုဖွင့်ထားသည်။

# ထားဝယ်တွင် လက်နက်ကြီးကြောင့် အမျိုးသမီးငယ် (၁) ဦး သေဆုံး၊ (၄) ဦး ဒဏ်ရာရ

**နိုဝင်ဘာ ၂၀၊ ၂၀၂၄**

၂၀၂၄ နိုဝင်ဘာလ (၁၅) ရက်နေ့တွင် ကော်သူးလေတပ်မတော် (KTLA) တပ်ဖွဲ့ဝင်များသည် တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ရောင်းမော်နှင့် ရှင်မုတ္တီးကျေးရွာများသို့ ဝင်ရောက်လာခဲ့ရာ နိုဝင်ဘာလ (၁၆) ရက်နေ့ ည (၈) နာရီအချိန်တွင် ထားဝယ်-မြိတ်ကားလမ်းပေါ်ရှိ ရွှေဂူတံတားတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်က အဆိုပါကျေးရွာများကို လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည်။




လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ရှင်မုတ္တီးကျေးရွာမှ အသက် (၁၈) နှစ်အရွယ် မချစ်မိုးဆွေ သေဆုံးခဲ့ပြီး ၎င်း၏ယောက်ျားဖြစ်သူ၊ အစ်မဖြစ်သူနှင့် အခြားလင်မယား (၂) ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ပြီးခဲ့သည့်နိုဝင်ဘာလ ပထမအပတ်တွင် ရွှေဂူတံတားစစ်ဆေးရေးဂိတ်ကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့တို့က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း စစ်ကောင်စီတပ်က အနီးအနားကျေးရွာများကို လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်လေ့ရှိသည်။

ရွှေဂူတံတားစစ်ဆေးရေးဂိတ်အနီးတွင် ရောင်းမော်၊ ရှင်မုတ္တီး၊ စော်ဝနှင့် ညောင်ဇင်ကျေးရွာများ တည်ရှိသည်။

လက်ရှိတွင် ထားဝယ်မြို့နယ်၌ တိုက်ပွဲများ ပိုမိုဖြစ်ပွားလာနေပြီး ပြီးခဲ့သည့် နိုဝင်ဘာလ (၁၈) ရက်နေ့တွင်လည်း ထားဝယ်မြို့ပေါ်တွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ အရပ်သား (၁) ဦး သေဆုံးခဲ့သည်။

# ရေဖြူတွင် စစ်ကြောင်းထိုးနေသည့်အတွက် ဒေသခံ ပြည်သူ (၁,၀၀၀) ကျော် ထွက်ပြေးနေရ



**နိုဝင်ဘာ ၁၃၊ ၂၀၂၄**

၂၀၂၄ နိုဝင်ဘာလ (၉) ရက်နေ့မှစ၍ တနင်္သာရီတိုင်း ရေဖြူမြို့နယ် ထားဝယ်ရေနက်ဆိပ်ကမ်းရှိသည့် နဘုလယ်ဒေသကို စစ်ကောင်စီက စစ်ကြောင်းထိုးနေသဖြင့် ဒေသခံပြည်သူ (၁,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရသည်။

နိုဝင်ဘာလ (၇) ရက်နေ့တွင် အင်အား (၁၀၀) ဝန်းကျင်ရှိ စစ်ကြောင်းသည် လောင်းလုံးမြို့နယ် မောင်းမကန်ကျေးရွာမှတဆင့် ရေဖြူမြို့နယ် နဘုလယ်ဒေသကို ဝင်ရောက်လာခဲ့သည်။ ထို့နောက် အဆိုပါစစ်ကြောင်းကြောင့် နဘုလယ်ဒေသမှ မူးဒူး၊ ညောင်ပင်ဆိပ်၊ လဲရှောင်၊ ပရဒတ်စသည့်ကျေးရွာများကို စစ်ကြောင်းထိုးလာသဖြင့် ဒေသခံပြည်သူ (၁,၀၀၀) ကျော် ထွက်ပြေးနေရသည်။

**“လက်နက်ကြီးနဲ့ပစ်ပြီး ရွာထဲကို စစ်ကြောင်းထိုးဝင်လာတာ။ ရွာသားအများစုက နီးစပ်ရာ တောတောင်နဲ့ ခြံတွေဘက်ကို ထွက်ပြေးတိမ်းရှောင်နေရတယ်။ တချို့ကျတော့ မြို့ပေါ်က ဆွေမျိုးအိမ်မှာ သွားနေ,နေကြတယ်။ (မြို့ပေါ်မှာ) အိမ်ငှားနေကြတာမျိုးလည်း ရှိတယ်”** ဟု နဘုလယ်ဒေသခံတစ်ဦးက ပြောသည်။

၎င်းပြင် အဆိုပါစစ်ကြောင်းသည် မူးဒူးကျေးရွာမှ ဒေသခံ အမျိုးသား (၁) ဦးနှင့် သားအမိ (၂) ဦးကို ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

**“ရွာထဲကအိမ်တွေကိုလည်း မွှေနှောက်ဖျက်ဆီးထားတယ်။ တချို့အိမ်က အိမ်မွေးတိရစ္ဆာန်တွေကိုလည်း ဖမ်းယူစားသောက်သွားကြတယ်”** ဟု မူးဒူးကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

နိုဝင်ဘာလ (၅) ရက်နေ့တွင် လောင်းလုံးမြို့နယ် မောင်းမကန် ရဲစခန်းကို ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ဒရုန်းဖြင့် သွားရောက်တိုက်ခိုက်ပြီးနောက် စစ်ကောင်စီက ရေဖြူမြို့နယ်ကို စစ်ကြောင်းထိုးလာခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

“

“ရွာထဲကအိမ်တွေကိုလည်း မွှေနှောက်ဖျက်ဆီးထားတယ်။ တချို့အိမ်က အိမ်မွေးတိရစ္ဆာန်တွေကိုလည်း ဖမ်းယူစားသောက်သွားကြတယ်”

# သံဖြူဇရပ်-ဘုရားသုံးဆူလမ်းပိုင်းရှိ ကျေးရွာအချို့ကို စစ်ကောင်စီက အတင်းအဓမ္မပြောင်းရွှေ့



**နိုဝင်ဘာ ၁၃၊ ၂၀၂၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် သံဖြူဇရပ်-ဘုရားသုံးဆူကားလမ်းပိုင်းရှိ ကျေးရွာအချို့ကို စစ်ကောင်စီက အတင်းအဓမ္မပြောင်းရွှေ့ခိုင်းနေသဖြင့် ဒေသခံပြည်သူ (၁,၀၀၀) ကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါဒေသခံများသည် တောတောင်နှင့် ဥယျာဉ်ခြံများတွင် ခိုလှုံနေရပြီး ဆောင်းရာသီ၏ ရာသီဥတုကြောင့် အမိုးအကာ၊ အဝတ်အထည်နှင့် အစားအသောက်များ လိုအပ်လျက်ရှိသည်။

**“လောလောဆယ်တော့ ဘေးလွတ်တဲ့နေရာဖြစ်တဲ့ တောတောင်နဲ့ ခြံတွေမှာ တိမ်းရှောင်နေတယ်။ အခုလိုအချိန်မှာ စစ်ရှောင်ရတာ အခက်အခဲရှိတာပေါ့။ ဆောင်းရာသီရောက်ပြီဆိုတော့ နည်းနည်းအေးလာပြီ။ နေစရာထိုင်ခင်းတော့ အခက်အခဲဖြစ်နေတယ်။ နောက်ပြီးစားဖို့အတွက် ဘယ်သူမှ ရွာပြန်မယူရဲကြဘူး။ စစ်တပ်ကလည်း ပေးမဝင်ဘူး”** ဟု သံဖြူဇရပ်ဒေသခံတစ်ဦးက ပြောသည်။

လက်ရှိတွင် ရဲတံခွန်နှင့် ဇီးနှစ်ပင်ကျေးရွာတွင် အမှတ် (၆၂) ခြေလျင်တပ်ရင်းက ဝင်ရောက်တပ်စွဲထားပြီး တော်လှန်ရေးအင်အားစုများနှင့် တိုက်ပွဲမကြာခဏဖြစ်ပွားလျက်ရှိသည်။

ပြီးခဲ့သည့်နိုဝင်ဘာလ (၈) ရက်နှင့် (၉) ရက်နေ့များတွင်လည်း ပယော်ဟဲကျေးရွာအနီးတွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုတို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။

တိုက်ပွဲပြင်းထန်နေခြင်းကြောင့် စခန်းကြီး၊ ဇီးနှစ်ပင်၊ ရဲတံခွန်၊ ရွာသစ်၊ ပယော်ဟဲနှင့် ဦးခွေး-ဒေါ်ယိမ်းကျေးရွာများမှ ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရပြီး ယနေ့အချိန်အထိ နေရပ်မပြန်နိုင်သေးချေ။

“လောလောဆယ်တော့ ဘေးလွတ်တဲ့နေရာဖြစ်တဲ့ တောတောင်နဲ့ ခြံတွေမှာ တိမ်းရှောင်နေတယ်။ အခုလိုအချိန်မှာ စစ်ရှောင်ရတာ အခက်အခဲရှိတာပေါ့။ ဆောင်းရာသီရောက်ပြီဆိုတော့ နည်းနည်းအေးလာပြီ။ နေစရာထိုင်ခင်းတော့ အခက်အခဲဖြစ်နေတယ်။ နောက်ပြီးစားဖို့အတွက် ဘယ်သူမှ ရွာပြန်မယူရဲကြဘူး။ စစ်တပ်ကလည်း ပေးမဝင်ဘူး”

# ပေါင်မြို့နယ်တွင် ဒေသခံပြည်သူတို့၏နေအိမ် (၆) လုံး ချိပ်ပိတ်ခံရ

**နိုဝင်ဘာ ၁၈၊ ၂၀၂၄**

၂၀၂၄ အောက်တိုဘာလ ပထမအပတ်တွင် စစ်ကောင်စီသည် မွန်ပြည်နယ် ပေါင်မြို့နယ် ဥတ္တံတားကျေးရွာမှ လူငယ် (၆) ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် ဆက်နွယ်သည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့ပြီးနောက် နိုဝင်ဘာလ (၅) ရက်နေ့တွင် ၎င်းတို့၏နေအိမ် (၆) လုံးကို ချိပ်ပိတ်လိုက်သည်။



အင်အား (၃၀) ကျော်ပါသည့် စစ်ကောင်စီတပ်နှင့် ရဲတပ်ဖွဲ့ ပူးပေါင်းအဖွဲ့က အကြမ်းဖက်မှုနှင့်ပတ်သက်သည်ဟု ဆိုကာ နေအိမ်များကို ချိပ်ပိတ်ခဲ့ခြင်းဖြစ်သည်။

"သူတို့ပြောတာတော့ ကလေးတွေက PDF ဖြစ်နေလို့ ချိပ်ပိတ်တာတဲ့။ နေအိမ်တွေ မချိပ်ပိတ်ခင်မှာ (၁) ပတ် အချိန်ပေးပြီး အကုန်ဖယ်ခိုင်းတယ်။ အခုတော့ အားလုံး ဒုက္ခရောက်နေကြတာပေါ့" ဟု အဆိုပါမိသားစုများနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

> "သူတို့ပြောတာတော့ ကလေးတွေက PDF ဖြစ်နေလို့ ချိပ်ပိတ်တာတဲ့။ နေအိမ်တွေ မချိပ်ပိတ်ခင်မှာ (၁) ပတ် အချိန်ပေးပြီး အကုန်ဖယ်ခိုင်းတယ်။ အခုတော့ အားလုံး ဒုက္ခရောက်နေကြတာပေါ့"

နေအိမ်ချိပ်ပိတ်ခံရခြင်းကြောင့် အိမ်ထောင်စု (၇) လူဦးရေ (၃၀) နီးပါးသည် နီးစပ်ရာဆွေမျိုးအိမ်များနှင့် ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ယာယီနေထိုင်နေရသည်။

ချိပ်ပိတ်ခံလိုက်ရသည့်နေအိမ်များသည် ဒေါ်သန်းဦး၊ ဦးအောင်ကျော်မိုး၊ ဦးကျော်စွာ၊ ဦးစိန်သောင်း၊ ဦးဖိုးပျော့နှင့် ဦးစဦး တို့၏နေအိမ်များ ဖြစ်ကြောင်း သိရသည်။

အချက်အလက်များအရ နိုင်ငံတဝန်းတွင် အာဏာသိမ်းပြီးနောက်ပိုင်း ချိပ်ပိတ်သိမ်းဆည်းခံရသည့်နေအိမ် (၁၀,၀၀၀) နီးပါး ရှိလာပြီး အများစုသည် ဒီမိုကရေစီအရေးလှုပ်ရှားသူများ၏ နေအိမ်များဖြစ်ကြောင်း သိရသည်။

# ထိန်တွင်းရွာတွင် စစ်ကြောင်းဝင်ရောက်ပြီး အရပ်သားများကို ဖမ်းဆီးရိုက်နှက်ကာ အဖိုးတန်ပစ္စည်းများကို လုယက်




**နိုဝင်ဘာ ၂၀၊ ၂၀၂၄**

၂၀၂၄ နိုဝင်ဘာလ (၁၈) ရက်နေ့တွင် စစ်ကောင်စီတပ်က တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် ထိန်တွင်းကျေးရွာကို စစ်ကြောင်း ထိုးဝင်ရောက်လာပြီး ဒေသခံပြည်သူ (၁၀၀) နီးပါးကို ဖမ်းဆီးရိုက်နှက်ကာ နေအိမ်ရှိ အဖိုးတန်ပစ္စည်းများကို ဖောက်ထွင်းလုယက်သွားကြောင်း သိရသည်။

ထားဝယ်မြို့ ဆင်ဆိပ်နှင့် အိမ်ရှေ့ပြင်ရပ်ကွက်များတွင် နှစ်ဖက် ပစ်ခတ်မှုဖြစ်ပွားပြီးနောက် အင်အား (၁၀၀) ခန့်ရှိသည့် စစ်ကောင်စီ စစ်ကြောင်းသည် ရေကြောင်းမှတဆင့် ထိန်တွင်းရွာသို့ ဝင်ရောက်လာခြင်းဖြစ်သည်။

**"ဆိုင်ကယ်နဲ့ အဖိုးတန်ပစ္စည်းတွေကို သိမ်းယူသွားတဲ့အပြင် အိမ်တွေကိုလည်း မွှေနှောက်ဖျက်ဆီးခဲ့တယ်။ အဖမ်းခံရတဲ့သူတွေလည်း အများကြီးပဲ။ သက်ကြီးပိုင်း (၂) ယောက်နဲ့ လူငယ် (၁) ယောက်ကို ရိုက်နှက်စစ်မေးနေတယ် ကြားတယ်"** ဟု ရှောင်တိမ်းနေရသည့် ဒေသခံတစ်ဦးက ပြောသည်။

၎င်းစစ်ကြောင်းသည် နိုဝင်ဘာလ (၁၉) ရက်နေ့တွင် နခံတော့ကျေးရွာဘက်သို့ ပြန်လည်ထွက်ခွာလာပြီးနောက် ဖမ်းဆီးထားသူများကို ပြန်လည်လွှတ်ပေးခဲ့သည်။

**"သိမ်းယူထားတဲ့ပစ္စည်းတွေကို မြေတင်ကားနဲ့ သယ်သွားကြတယ်။ စစ်ကြောင်းပြန်ထွက်သွားပေမဲ့ ဒေသခံတွေက ရွာမပြန်ရဲကြသေးဘူး။ တိမ်းရှောင်နေတုန်းပဲ"** ဟု ထိန်းကွင်းရွာမှ စစ်ရှောင်ပြည်သူတစ်ဦးက ပြောသည်။

၎င်းစစ်ကြောင်းသည် ထိန်တွင်းရွာကို ဖြတ်သန်းသွားသည့် မော်တော်ကားတစ်စီးကို ရပ်တန့်ခိုင်းရာ ရပ်တန့်ပေးခြင်းမရှိသဖြင့် ထွက်ပြေးသည်ဟု ဆိုကာ သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ အမျိုးသား (၁) ဦး ကျည်ထိမှန်ပြီး ကားကိုလည်း စစ်ကောင်စီတပ်သားများက သေနတ်ဖြင့် ပစ်ခတ်ဖျက်ဆီးသွားသည်။

စစ်ကောင်စီက လောင်းလုံးမြို့နယ်ကို စစ်ကြောင်းများထိုးနေခြင်းကြောင့် အောက်တိုဘာလတစ်လတည်းတွင်ပင် နေရပ်စွန့်ခွာ ထွက်ပြေးနေရသူ (၁၀,၀၀၀) ခန့် ရှိသည်ဟု FE5 Tanintharyi အဖွဲ့က ထုတ်ပြန်ထားသည်။

> "သိမ်းယူထားတဲ့ပစ္စည်းတွေကို မြေတင်ကားနဲ့ သယ်သွားကြတယ်။ စစ်ကြောင်းပြန်ထွက်သွားပေမဲ့ ဒေသခံတွေက ရွာမပြန်ရဲကြသေးဘူး။ တိမ်းရှောင်နေတုန်းပ"

# ကော့သောင်းတွင် သန်းခေါင်စာရင်းကောက်ယူနေစဉ် အမျိုးသား (၂) ဦးကို ဖမ်းဆီးသွား




**နိုဝင်ဘာ ၂၅၊ ၂၀၂၄**

၂၀၂၄ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် စစ်ကောင်စီက တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ရေတွင်းတောင်ကျေးရွာတွင် သန်းခေါင်စာရင်းကောက်ယူနေစဉ် ဒေသခံအမျိုးသား (၂) ဦးဖြစ်သူ အသက် (၅၀) အရွယ် ဦးခင်ဦးနှင့် အသက် (၃၈) နှစ်အရွယ် ကိုကျော်စိုးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

**"ဘာအမှုနဲ့ဖမ်းသွားလဲ မသိဘူး။ အခုထိ ပြန်လွတ်မလာသေးဘူး။ သန်းခေါင်စာရင်းစစ်ဆေးနေတဲ့အချိန်မှာ သူတို့ကို မသင်္ကာလို့ စစ်တပ်က ဖမ်းသွားတာ ထင်တယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

နိုဝင်ဘာလ (၁၆) ရက်နေ့မှစ၍ စစ်ကောင်စီက ကော့သောင်းမြို့နယ် ရှမ်းကိုးရွာဒေသ မာရမ်း၊ ဆိပ်ဖူး၊ အောင်ချမ်းသုနှင့် ရေတွင်းတောင်ရွာကျေးရွာများတွင် အင်အား (၅၀) ခန့်ဖြင့် တစ်ရွာဝင် တစ်ရွာထွက် သန်းခေါင်စာရင်းကောက်နေသည်။

**"သူတို့ သန်းခေါင်စာရင်းကောက်တာက အိမ်တိုင်းကိုကောက်တာ မဟုတ်ဘူး။ တခြားဒေသက ပြောင်းရွှေ့လာတဲ့အိမ်တွေ သူတို့သံသယရှိတဲ့အိမ်တွေကိုပဲ စစ်ဆေးမေးမြန်းနေတယ်။ မသင်္ကာရင် တစ်ခါတည်းဖမ်းသွားတာမျိုးတွေ လုပ်နေတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

၂၀၂၄ခုနှစ်နေအိမ်အကြောင်းအရာနှင့်သန်းခေါင်စာရင်းကို အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ အပြီးကောက်ယူရန် သတ်မှတ်ထားသော်လည်း ကော့သောင်းမြို့နယ်တွင်မူ နိုဝင်ဘာလအကုန်အထိ သန်းခေါင်စာရင်း ကောက်ယူနေဆဲ ဖြစ်သည်။

# ကော့ကရိတ်တွင် လက်နက်ကြီးကြောင့် သက်ကြီးပိုင်း အမျိုးသားတစ်ဦး သေဆုံး

**နိုဝင်ဘာ ၁၈၊ ၂၀၂၄**



၂၀၂၄ နိုဝင်ဘာလ (၁၈) ရက်နေ့တွင် စစ်ကောင်စီတပ်၏လက်နက်ကြီးကြောင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မြောက်ကြာအင်းကျေးရွာမှ အသက် (၇၁) နှစ်အရွယ် သက်ကြီးပိုင်းအမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

ကော့ကရိတ်မြို့နယ် လိုင်ဝကျေးရွာအခြေစိုက် အမှတ် (၅၄၅) အမြောက်တပ်ရင်းက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ မြောက်ကြာအင်းကျေးရွာကို ၁၂၀-မမ လက်နက်ကြီး (၄) လုံး အကြောင်းမဲ့ ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးကျည်များသည် ကျေးရွာအနီးတဝိုက်တွင် ကျရောက်ပေါက်ကွဲခဲ့သည်။

"သူက အကြားအာရုံမကောင်းတော့ လက်နက်ကြီးသံကို မကြားလိုက်တာ။ ရွာမှာ နွားကျောင်းပြီး အသက်မွေးဝမ်းကျောင်းနေတယ်" ဟု ကော့ကရိတ်မြို့ခံတစ်ဦးက ပြောသည်။

လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒေသခံအများစု ဘေးလွတ်ရာသို့ ရှောင်တိမ်းနေရကြောင်း KHRG က ပြောသည်။

ပြီးခဲ့သည့်ဒီဇင်ဘာလတွင်လည်း အမှတ် (၅၄၅) အမြောက်တပ်ရင်းက မြောက်ကြာအင်းနှင့် တောင်ကြာအင်းကျေးရွာများကို လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခဲ့သည်။

> "သူက အကြားအာရုံမကောင်းတော့ လက်နက်ကြီးသံကို မကြားလိုက်တာ။ ရွာမှာ နွားကျောင်းပြီး အသက်မွေးဝမ်းကျောင်းနေတယ်"

# စစ်ကောင်စီကို ဝေဖန်မှုကြောင့် မော်လမြိုင်မြို့ခံလူငယ် (၂) ဦး ဖမ်းဆီးအမှုဖွင့်ခံရ



**နိုဝင်ဘာ ၈၊ ၂၀၂၄**

၂၀၂၄ နိုဝင်ဘာလ (၂) ရက်နေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ခြောက်မိုင်ကွဲခြံကုန်းရပ်ကွက်နေ ကိုရဲထက်နိုင် နှင့် ကိုမင်းထက်နိုင်တို့ လူငယ် (၂) ဦးသည် စစ်ကောင်စီကို လူမှုကွန်ရက်တွင် ဝေဖန်ရေးသားမှုကြောင့် ဖမ်းဆီးအမှုဖွင့်ထားခံရကြောင်း သိရသည်။

စစ်ကောင်စီက ၎င်းတို့ (၂) ဦးသည် လူမှုကွန်ရက်မှတဆင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ပျက်ပြားစေရန် ရေးသားလှုံ့ဆော်နေသည်ဟု စွပ်စွဲခဲ့ပြီး နိုင်ငံတော်အကြည်ညိုပျက်စေမှု ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့် အမှုဖွင့်အရေးယူထားသည်။

"ကျွန်တော်သိရသလောက်တော့ အဲကောင်လေး (၂) ယောက်က ခြောက်မိုင်မှာ ပိတ်ဆို့စစ်ဆေးနေတုန်း အဖမ်းခံရတာ။ ဖုန်းထဲမှာ စစ်ကောင်စီကို ဝေဖန်ထားတာ တွေ့လို့ဆိုပြီး ဖမ်းသွားတာ။ မိသားစုနဲ့တော့ တွေ့ခွင့်ပေးထားတယ်" ဟု ဖြစ်စဉ်ကိုသိရှိသည့် မြို့ခံတစ်ဦးက ပြောသည်။


လက်ရှိတွင် လူငယ် (၂) ဦးကို မြိုင်သာယာမြို့မရဲစခန်းတွင် ဖမ်းဆီးချုပ်နှောင်ထားပြီး မော်လမြိုင်မြို့နယ်တရားရုံးတွင် အမှုရင်ဆိုင်နေရကြောင်း သိရသည်။

သုတေသနအဖွဲ့တစ်ခုဖြစ်သည့် Myanmar Internet Project ၏ အစီရင်ခံစာအရ မြန်မာနိုင်ငံတဝန်းလုံးတွင် ၂၀၂၄ ဩဂုတ်မှ အောက်တိုဘာလအထိ (၃) လတာကာလအတွင်း လူမှုကွန်ရက်တွင် စစ်ကောင်စီကို ဝေဖန်ရေးသားမှုကြောင့် ပြည်သူ (၁၄၃) ဦး ဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။

> "ကျွန်တော်သိရသလောက်တော့ အဲကောင်လေး (၂) ယောက်က ခြောက်မိုင်မှာ ပိတ်ဆို့စစ်ဆေးနေတုန်း အဖမ်းခံရတာ။ ဖုန်းထဲမှာ စစ်ကောင်စီကို ဝေဖန်ထားတာ တွေ့လို့ဆိုပြီး ဖမ်းသွားတာ။ မိသားစုနဲ့တော့ တွေ့ခွင့်ပေးထားတယ်"


# ၂၀၂၄ နိုဝင်ဘာလအတွင်း မွန်, ကရင်, တနင်္သာရီတိုင်းအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

- သတ်ဖြတ်ခြင်း နှင့် အစအနပျောက်ခြင်း (၁၄) ကြိမ်
- ဖမ်းဆီးနှိပ်စက်ခြင်း (၂၆) ကြိမ်
- ထိခိုက်ဒဏ်ရာရခြင်း (၁၁)ကြိမ်
- အတင်းအဓမ္မပြောင်းရွှေ့ခံရခြင်း(၁၄) ကြိမ်
- အတင်းအဓမ္မငွေကြေးကောက်ခံခြင်း(၂)ကြိမ်
- မြေမြှုပ်မိုင်းပေါက်ကွဲမှု(၂) ကြိမ်
- လွတ်လပ်စွာ သွားလာမှုကို ဟန့်တားခြင်း(၂)ကြိမ်
- အသက်မွေးဝမ်းကြောင်း(၂)ကြိမ်
- အမျိုးသမီး နှင့် ကလေး(၁၃)ကြိမ်
- ပညာရေး ၊ ကျန်းမာရေး(၁)ကြိမ်
- အိုးအိမ်ဖျက်ဆီးခြင်းခံရခြင်း (၁၆) ကြိမ်
- တရားဥပဒေစိုးမိုးရေး(၆)ကြိမ်
- လူငယ်ရေးရာ(၆)ကြိမ်



# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု၊ဒဏ်ရာအနာတရနှင့် သေဆုံးသူအရေအတွက်

ဇန်နဝါရီလ မှ နိုဝင်ဘာလအထိ ၂၀၂၄




မွန်ပြည်နယ် - 9 ကြိမ်

ကရင်ပြည်နယ် - 1 ကြိမ်

တနင်္သာရီတိုင်းဒေသ - 7 ကြိမ်




အမျိုးသား - ၁၂ ဦး(၁၁ ဦးဒဏ်ရာရ/ ၁ ဦးသေဆုံး) ၊ အမျိုးသမီး - ၁၂ ဦး(၁၀ ဦးဒဏ်ရာ/ ၂ ဦးသေဆုံး)၊ ကလေးသူငယ် - ၁ ဦးဒဏ်ရာရ

# သိမ်ဇရပ်တွင် လက်နက်ကြီးပေါက်ကွဲမှုကြောင့် သားအမိ (၂) ဦး ထိခိုက်ဒဏ်ရာရ

**နိုဝင်ဘာ ၂၆၊ ၂၀၂၄**

၂၀၂၄ နိုဝင်ဘာလ (၂၂) ရက်နေ့တွင် မွန်ပြည်နယ် သိမ်ဇရပ်မြို့နယ်အခြေစိုက် အမှတ် (၃၁၀) အမြောက်တပ်ရင်းက သုံးခွကျေးရွာကို လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည်။ လက်နက်ကြီးသည် လူနေအိမ်အပေါ် ကျရောက်ပေါက်ကွဲခဲ့သဖြင့် သားအမိ (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



အသက် (၅၂) အရွယ် ဒေါ်တင်တင်ခိုင်သည် နောက်ကျောနှင့် တင်ပါးတွင်လည်းကောင်း၊ အသက် (၁၇) နှစ်အရွယ် သမီးဖြစ်သူ မနှင်းနှင်းကြည်သည် နဖူး၊ နောက်ကျော၊ ခြေသလုံးနှင့် ဒူးခေါင်းတို့တွင်လည်းကောင်း ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

"သိမ်ဇရပ်ဘက်မှာ စစ်တပ်က လူရှိတဲ့ကျေးရွာတွေကို လက်နက်ကြီးနဲ့ အမြဲလိုလိုပစ်နေတယ်။ ကျွန်တော်တို့လည်း တစ်နေ့တစ်နေ့ လက်နက်ကြီးအန္တရာယ်ကိုပဲ စိုးရိမ်နေရတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

စစ်ကောင်စီ၏ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုကြောင့် ၂၀၂၄ အောက်တိုဘာလတွင် သိမ်ဇရပ်မြို့နယ်မှ ဒေသခံပြည်သူ (၇) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ယခုနိုဝင်ဘာလတွင် ဒေသခံ (၅) ဦး ထပ်မံထိခိုက်ခဲ့ပြီးဖြစ်သည်။

> **"သိမ်ဇရပ်ဘက်မှာ စစ်တပ်က လူရှိတဲ့ကျေးရွာတွေကို လက်နက်ကြီးနဲ့ အမြဲလိုလိုပစ်နေတယ်။ ကျွန်တော်တို့လည်း တစ်နေ့တစ်နေ့ လက်နက်ကြီးအန္တရာယ်ကိုပဲ စိုးရိမ်နေရတယ်"**

# အစင်ကျေးရွာပစ်ခတ်မှုတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး တစ်ဦး ပြင်းထန်ဒဏ်ရာရ

**နိုဝင်ဘာ ၂၇၊ ၂၀၂၄**

၂၀၂၄ နိုဝင်ဘာလ (၂၅) ရက်နေ့ ညနေ (၄) နာရီအချိန်တွင် မွန်ပြည်နယ် ရေးမြို့နယ် အစင်ကျေးရွာအဝင်ဝတွင် တပ်စွဲထားသည့် ပြည်သူ့စစ်လုံခြုံရေးဂိတ်က ဆိုင်ကယ် (၂) စီး စီးနင်းလာသည့် လူငယ် (၄) ဦးကို ရပ်တန့်ခိုင်းရာ ၎င်းတို့က ရပ်တန့်ပေးခြင်းမရှိသဖြင့် ပြည်သူ့စစ်အဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးခဲ့သည်။




အဆိုပါပစ်ခတ်မှုကြောင့် လမ်းသွားလမ်းလာဖြစ်သူ အသက် (၃၀) အရွယ် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသည် တင်ပါးတွင် ကျည်ထိမှန်ပြီး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။ ၎င်းသည် ရေးမြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသည်။

"လူငယ် (၄) ယောက်က ရွာကပဲ။ အပြင်ကနေ ပြန်လာကြတာ။ ပြည်သူ့စစ်အဖွဲ့က ဆိုင်ကယ်ရပ်ခိုင်းတာ မရပ်လို့ ပစ်ခတ်ဖမ်းဆီးတာ။ သူတို့ PDF အဖွဲ့ဝင်တွေလည်း မဟုတ်ပါဘူး" ဟု ဒေသခံတစ်ဦးက ပြောသည်။


လူငယ် (၁) ဦးမှာ ဖမ်းဆီးခံခဲ့ရပြီး (၃) ဦးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

"အဖမ်းခံတဲ့လူငယ်က ရဲစခန်းမှာ ရှိနေတယ် ပြောကြသလို စစ်တပ်ကို အပ်လိုက်ပြီလို့လည်း ပြောနေကြတယ်" ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့်မတ်လတွင် ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသားတစ်ဦးကို အစင်ကျေးရွာတံတားထိပ်က ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက ရပ်တန့်ခိုင်းရာ လိုက်နာခြင်းမရှိသဖြင့် ပစ်ခတ်ဖမ်းဆီးရာမှ သေဆုံးသွားခဲ့သည်။


> "
>
> "လူငယ် (၄) ယောက်က ရွာကပဲ။ အပြင်ကနေ ပြန်လာကြတာ။ ပြည်သူ့စစ်အဖွဲ့က ဆိုင်ကယ်ရပ်ခိုင်းတာ မရပ်လို့ ပစ်ခတ်ဖမ်းဆီးတာ။ သူတို့ PDF အဖွဲ့ဝင်တွေလည်း မဟုတ်ပါဘူး"

# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ (၁၁) လ အတွင်း ဖမ်းဆီးမှု၊ ချုပ်နှောင်မှု ၊ ဒဏ်ရာအနာတရ ရရှိမှု နှင့် သတ်ဖြတ်မှု အရေအတွက်








## ၂၀၂၄ ဇန်နဝါရီလ မှ နိုဝင်ဘာလအတွင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း




ဒဏ်ရာအနာတရ ရရှိသူ စုစုပေါင်း (၁၆၁) ဦး၊ အမျိုးသမီး(၆၇)ဦး၊အမျိုးသား(၅၈)ဦး၊ ကလေးသူငယ်(၃၅)ဦး




သေဆုံးသူ စုစုပေါင်း (၇၁) ဦး၊ အမျိုးသမီး(၃၃)ဦး၊အမျိုးသား(၃၀)ဦး၊ ကလေးသူငယ်(၈)ဦး



# အမျိုးသား (၂) ယောက် ဆိုင်ကယ်အတူစီးနင်းပါက ဖမ်းဆီးပြီး စစ်သင်တန်းသို့ ပို့ရန် ညွှန်ကြား

နိုဝင်ဘာ ၂၃၊ ၂၀၂၄

မွန်ပြည်နယ် သထုံမြို့နယ်တွင် အမျိုးသား (၂) ယောက် ဆိုင်ကယ်အတူစီးနင်းပါက ဖမ်းဆီးပြီး စစ်မှုထမ်းသင်တန်းသို့ ချက်ချင်းပို့ဆောင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက နှုတ်မိန့်ဖြင့် ညွှန်ကြားထားကြောင်း သိရသည်။




မကြာမီဖွင့်လှစ်မည့် စစ်မှုထမ်းအပတ်စဉ် (၇) အတွက် သင်တန်းသားများ မစုဆောင်းနိုင်ခြင်း၊ စစ်မှုထမ်းရန် ရွေးချယ်ဆင့်ခေါ်ထားသူများက ထွက်ပြေးတိမ်းရှောင်သွားခြင်းတို့ကြောင့် ယခုကဲ့သို့ သင်တန်းသားအဓမ္မစုဆောင်းလာခြင်းဖြစ်ကြောင်း စစ်ကောင်စီနှင့်နီးစပ်သူများက ပြောသည်။

"အမျိုးသား (၂) ယောက် ဆိုင်ကယ်အတူစီးရင်တော့ မြို့နယ်မှူးက "Go to army" လို့ ညွှန်ကြားထားတယ်။တွေ့တာနဲ့ ဖမ်းပဲ။ တိုင်း(ခရိုင်)ကလည်း ဖိအားပေးတာလည်း ပါမယ်။ ဒီသတင်းပေါက်ကြားရင် အရေးယူမယ်လို့လည်း ပြောထားတယ်" ဟု နီးစပ်သူက ပြောသည်။

စစ်မှုထမ်းအပတ်စဉ် (၇) အတွက် သထုံခရိုင် ကျိုက်ထို၊ ဘီးလင်း၊ သထုံနှင့် ပေါင်မြို့နယ်များတွင် သင်တန်းသားများ စုဆောင်းနေပြီး ဆိုင်ကယ်အတူစီးသူအမျိုးသားများ၊ ညပိုင်းတွင် အပြင်ထွက်ပြီး အရက်သေစာသောက်စားသူများနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများကို ဖမ်းဆီးပြီး အတင်းအဓမ္မစစ်မှုထမ်းခိုင်းရန် ညွှန်ကြားထားသည်။

ဗမာ့ရေးရာနှင့် ပဋိပက္ခလေ့လာစောင့်ကြည့်ရေးအဖွဲ့ (BACS) ၏ အစီရင်ခံစာအရ အပတ်စဉ် (၁) မှ အပတ်စဉ် (၅) အထိ မြန်မာနိုင်ငံတဝန်းလုံးမှ လူငယ်လူရွယ် (၂၁,၀၀၀) ဦး သင်တန်းသားအဖြစ် စုဆောင်းခံထားရပြီး သင်တန်းဆင်းသူ (၁၃,၀၀၀) ကျော်ကို ရှေ့တန်းစစ်မျက်နှာပြင်သို့ ပို့ဆောင်ထားကြောင်း သိရသည်။

"အမျိုးသား (၂) ယောက် ဆိုင်ကယ်အတူစီးရင်တော့ မြို့နယ်မှူးက "Go to army" လို့ ညွှန်ကြားထားတယ်။တွေ့တာနဲ့ ဖမ်းပဲ။ တိုင်း(ခရိုင်)ကလည်း ဖိအားပေးတာလည်း ပါမယ်။ ဒီသတင်းပေါက်ကြားရင် အရေးယူမယ်လို့လည်း ပြောထားတယ်"

မွန်ပြည်နယ်တွင် စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၆) အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား (၁,၃၀၀) ကျော် စုဆောင်းခံထားရသည်။

# မွန်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်
# နိုဝင်ဘာလ ၂၀၂၄

## Kyike Hto Township- 8 cases

1. Artillery attack and injured – 4 cases
2. Fled home and IDP
3. Arrested young men
4. Shot and killed
5. Arrested and killed local civilians

## Chaung Zone Township

1. Rape and Killed

## Thanbyuzayat Township


1. Fled home and IDP – 2 times

## Kyikemayaw Township

1. No Plan to return

## Mudon Township

1. Extorted money
2. Worsening Blackout




## Paung Township

1. Seized house
2. Bring a charge
3. arbitrarily arrests

## Thaton Township

1. Creates worry & forced conscription
2. Arrested and sent to military

## Bilin Township

1. Killed and injured

## Mawlamyine Township – 4 cases

1. Arrested & detained – 3 cases
2. Worsening Blackout

## Ye Township(4) cases

1. Bans going plantation
2. Artillery attacks and destroys school
3. Shooting and injured – 2 cases

**Total Cases in Mon State - 28 Cases**

# ကရင်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် နိုဝင်ဘာလ ၂၀၂၄





## Kaw Ka Rate Township

1. Artillery attacks and kills




# Junta's artillery attack kills elderly man



# တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

# နိုဝင်ဘာလ ၂၀၂၄




## Dawei Township

1. Burn down and destroys
2. Artillery attack and killed

## Long Lone Township

1. Killed local civilians
2. Arrested
3. Shoot and injured
4. Arrested and beats

## Kaw Thong Town

1. Burns Down House
2. Arrested local civilians

## Yebyu Township

1. Artillery attack and killed
2. Arrested and disappears
3. Use as Human Shield
4. Landmine and injured
5. Fled home and IDP
6. Arrested and not released
7. Arrested and extorts
8. Shot and killed

## Tenasserim Township

1. Air assaults and destroy house
2. Burn down house and arrested
3. Landmine injured

## Pu law Township

1. Fled home and IDP
2. Burn down house
3. Arrested and detained civilian
4. Collection Amid forced

**Total Cases in Tanintharyi Divisons - 25 Cases**

# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း

စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်

နိုဝင်ဘာလ ၂၀၂၄

## Mon State

**IDPs -8500** | **Killed -9** | **Injured - 22**

## Karen State

**IDPs -22000** | **Killed -9** | **Injured -28**

## Tanintharyi Region

**IDPs -8500** | **Killed -9** | **Injured -22**

# ရေဖြူတွင် အမျိုးသမီးတစ်ဦး မြေမြှုပ်မိုင်းနင်းမိ




**နိုဝင်ဘာ ၁၂၊ ၂၀၂၄**

၂၀၂၄ နိုဝင်ဘာလ (၁၀) ရက်နေ့တွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ရလိုင်ကျေးရွာမှ အသက် (၄၀) အရွယ် အမျိုးသမီး တစ်ဦးသည် ရာဘာခြံတစ်ခုတွင် မြေမြှုပ်မိုင်းနင်းမိပြီး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါအမျိုးသမီးသည် ရလိုင်ကျေးရွာမှ ကျောက် ကညာကျေးရွာရှိ ရာဘာခြံတစ်ခုတွင် ရာဘာပြား သွားရောက် ဝယ်ယူရာမှ မြေမြှုပ်မိုင်းနင်းမိခြင်း ဖြစ်သည်။ ပေါက်ကွဲမှုကြောင့် ခြေထောက်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**"သူ့ခြံက ကျောက်ကညာဘက်မှာ ရှိတယ်။ ခြံကိုသွားရင်း တခြား ခြံက ရာဘာပြားကို သွားဝယ်တာ။ ရာဘာပြားသွားယူတဲ့အချိန် မှာ မြေမြှုပ်မိုင်းနင်းမိတာ"** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

လက်ရှိတွင် ထိခိုက်ဒဏ်ရာရသည့်အမျိုးသမီးကို ထားဝယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားပြီး ဆေးကုသမှုပေးနေ ကြောင်း သိရသည်။

ဒေသခံများ၏ပြောကြားချက်အရ ယခုမြေမြှုပ်မိုင်း သည် စစ်ကောင်စီက ထောင်ထားသည့်မိုင်း ဖြစ်ပြီး အဆိုပါ နေရာတွင် သွားလာခြင်းမပြုရန် စစ်ကောင်စီက တားမြစ်ပိတ်ပင် ထားသည်ဟု သိရသည်။

တနင်္သာရီတိုင်းတွင် တိုက်ပွဲများ ပြင်းထန်နေပြီး တနင်္သာရီ၊ ထားဝယ်၊ သရက်ချောင်းနှင့် ရေဖြူမြို့နယ်များတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုများ မကြာခဏဖြစ်ပွားနေသည်။

# တနင်္သာရီတွင် စစ်ကောင်စီစစ်ကြောင်းက နေအိမ်များကို မီးရှို့ပြီး ရွာသားများကို ဖမ်းဆီး




**နိုဝင်ဘာ ၂၅၊ ၂၀၂၄**

၂၀၂၄ နိုဝင်ဘာလ (၂၃) ရက်နေ့ မနက်ပိုင်းတွင် ဇဝဲကျေးရွာအခြေစိုက် အမှတ် (၅၅၆) ခြေမြန်တပ်ရင်းမှ အင်အား (၈၀) ဝန်းကျင်ပါ စစ်ကြောင်းသည် တနင်္သာရီတိုင်း တနင်္သာရီမြို့နယ် ပြင်ဝန်းကျေးရွာသို့ ဝင်ရောက်လာပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးကာ ရွာသားများကိုလည်း ဖမ်းဆီးထားသည်ဟု ဒေသခံများနှင့် တော်လှန်ရေးတပ်ဖွဲ့များက ပြောသည်။

အဆိုပါစစ်ကြောင်းသည် နေအိမ် (၆) လုံးကို မီးရှို့ဖျက်ဆီးပြီး အသက် (၄၀) ကျော်အရွယ်နှင့် အသက် (၅၀) ကျော်အရွယ် ပြင်ဝန်းရွာသား (၂) ဦးကို ဖမ်းဆီးထားသည်ဟု ဒေသခံတစ်ဦးက ပြောသည်။

**"ရွာထဲကို မဝင်ခင် မနက် (၆) နာရီလောက်မှာ စစ်ကြောင်းက ရမ်းဖိုနဲ့ ဆင်ဒင်ရွာကြားက ကျောက်ချောင်းတောင်မှာ မိုင်းဆွဲခံရလို့ စစ်သားတွေ အများကြီးသေသွားတယ်။ သိရသလောက်တော့ အိမ် (၆) လုံး မီးလောင်သွားတယ်။ သူတို့ မီးရှို့နေတဲ့အချိန်မှာ အိမ်ပိုင်ရှင်အမျိုးသား (၂) ယောက်ကို ဖမ်းသွားတယ်"** ဟု ပြင်ဝန်းရွာသားတစ်ဦးက ပြောသည်။

အဆိုပါစစ်ကြောင်းသည် လက်ရှိတွင် ပြင်ဝန်းကျေးရွာတွင် တပ်ဖြန့်ထားသဖြင့် ဒေသခံများသည် ရွာလုံးကျွတ်ထွက်ပြေးတိမ်းရှောင်နေရသည်။

**"စစ်တပ်က ရွာကနေ မထွက်သေးဘူး။ အခုလောလောဆယ်တော့ ဘယ်သူမှ ရွာထဲကိုမဝင်ရဲကြသေးဘူး"** ဟု ဒေသခံတစ်ဦးက ပြောသည်။

စစ်ကြောင်းက ရမ်းဖိုကျေးရွာကို ဆက်လက်စစ်ကြောင်းထိုးပြီး ရာဘာခြံလုပ်သားများဖြစ်သည့် အသက် (၄၀) အရွယ် အမျိုးသား (၁) ဦးနှင့် အသက် (၂၀) အရွယ် အမျိုးသား (၁) ဦးတို့ကို ထပ်မံဖမ်းဆီးခဲ့သည်။

ဖမ်းဆီးထားသူများအားလုံးကို နိုဝင်ဘာလ (၂၄) ရက်နေ့တွင် ရမ်းဖိုနှင့်ဘန်းလမွတ်ရွာကြားရှိ တောတွင်းတစ်နေရာတွင် ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

## မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်း

မွန်ပြည့်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လူပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံတောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင် နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။

(၂) လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

**စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား**

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့် ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့ စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND